

စစ်အာဏာရှင်ခေတ် ပြန်ဟောနိုင်ငံအကျဉ်းထောင်စနစ်

အောင်သာ(PPP)၊အောင်စောဦး

၁။ လူ့အဖွဲ့အစည်းနဲ့ အကျဉ်းထောင်စနစ်

ကမ္ဘာပေါ်မှာ ရှိရှိသမျှ လူ့အဖွဲ့အစည်းတိုင်းဟာ ကုန်ထုတ်စနစ် (Mode of Production) တစ်မျိုးမျိုးကို ကိုယ်စားပြုထားကြတာချည်းပါပဲ။ ကုန်ထုတ်စနစ်တိုင်းမှာ လည်း တစ်ခုကိုတစ်ခု အပြန်အလှန် ကိုယ်စားပြုထားကြတဲ့ ၊ တစ်ခုတည်ရှိမှုဟာ တစ်ခုတည်ရှိမှုအတွက် အကြောင်းအချက်အဖြစ်နဲ့ အဆုံးအဖြတ်ပြုကြတဲ့ အခြေခံစီးပွားရေး အဆောက်အအုံနဲ့ အပေါ်ထပ် နိုင်ငံရေးအဆောက်အအုံတို့ ဟာ တပူးတပေါင်းတည်း ပူးပေါင်းဖွဲ့စည်းတည်ရှိနေတာမျိုး ဖြစ်ပါတယ်။ ဆိုလိုတာက လူ့အဖွဲ့အစည်းတိုင်းဟာ စီးပွားရေးစနစ်တစ်မျိုးမျိုးနဲ့ အဲဒီ စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ နိုင်ငံရေးစနစ်တစ်မျိုးမျိုးကို ကိုယ်စားပြုထားရတာ ချည်းပါပဲ။ ဘယ်လူ့အဖွဲ့အစည်းပဲ ဖြစ်ဖြစ်၊ သက်ဆိုင်ရာလူ့အဖွဲ့အစည်းရဲ့ စီးပွားရေး၊ နိုင်ငံရေးစနစ်များ ရဲ့ တည်တံ့ခိုင်မြဲရေးကို အကာအကွယ်ပေးမယ့် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားများကို မဖြစ်မနေ ဖွဲ့စည်းတည်ဆောက်ထားရပါတယ်။ အမြဲတမ်း စစ်တပ်၊ ပုလိပ်တပ်၊ တရားဥပဒေ၊ တရားရုံး၊ ရဲစခန်းနဲ့ အကျဉ်းထောင်ဆိုတာတွေဟာ အဲဒီ နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားကြီးရဲ့ အဖက်အစပ်တွေချည်း ဖြစ်ပါတယ်။ အဲဒီ အဖက်အစပ်တွေထဲက တစ်ခုဖြစ်တဲ့ အကျဉ်းထောင်ဆိုတာဟာ အမြဲတမ်း စစ်တပ်ပြီးရင် ဒုတိယအရေးအကြီးဆုံး ဖိနှိပ်ရေးယန္တရားတစ်ခု ဖြစ်ပါတယ်။

အကျဉ်းထောင်စနစ်ဆိုတာဟာ အဲဒီ့ ဖိနှိပ်ရေးယန္တရားကြီး ဘယ်နည်းဘယ်ပုံ လည်ပတ်နေတယ်ဆိုတာကို ထင်ဟပ်တဲ့ ထင်ဟပ်ချက်ပဲ ဖြစ်ပါတယ်။

၁။အကျဉ်းထောင်ဆိုတာဟာ ပင်မလူ့အဖွဲ့အစည်းကြီးနဲ့ ရည်ရွယ်ချက်ရှိရှိ အဆက်အသွယ် ဖြတ်တောက်ခြင်းခံထားရတဲ့ ထူးခြားတဲ့ လူမှုဆက်ဆံရေးတရားများ နဲ့ ဖွဲ့စည်းထားတဲ့ သီးခြားလူ့အဖွဲ့အစည်း တစ်မျိုးဖြစ်ပါတယ်။

၂။အကျဉ်းထောင်ဆိုတာဟာ ယေဘုယျ လူ့အဖွဲ့အစည်းအတွင်းမှာ လူ့အဖွဲ့အစည်းဝင်တွေ၊ သာမန်အားဖြင့် အလွယ်တကူရရှိနိုင်တဲ့ အနိမ့်ဆုံးဖြစ်တဲ့ လူ့အခွင့်အရေး လူ့ရပိုင်ခွင့်များ ၊ အာရုံငါးပါးအလုပ်များ ပြုမူဆောင်ရွက်ခြင်းကို နည်းမျိုးစုံနဲ့ ကန့်သတ်ထိန်းချုပ်ထားတဲ့ လူအဖွဲ့အစည်းမျိုး ဖြစ်ပါတယ်။

၃။အကျဉ်းထောင်ဆိုတာက သက်ဆိုင်ရာ လူ့အဖွဲ့အစည်းက သူတို့ရဲ့ လူ့အဖြစ် တည်ရှိမှုနဲ့ ဖြစ်ပေါ်တိုးတက်ခွင့်ကို အာမခံချက်မပေးတဲ့ အတွက် အဲဒီ လူ့အဖွဲ့အစည်းရဲ့ တည်ရှိမှုနဲ့ တည်ငြိမ်မှုကို နည်းမျိုးစုံနဲ့ ဆန့်ကျင်၊ ရိုက်ချိုး၊ ဖျက်သိမ်းဖို့ ကြိုးပမ်းအားထုတ်ကြတဲ့ လူ့အစုအဝေးတစ်မျိုးနဲ့ ဖွဲ့စည်းထားတဲ့ လူ့အဖွဲ့အစည်းတစ်မျိုး ဖြစ်ပါတယ်။ လူ့အစုအဝေးတစ်ချို့က တစ်ဦးချင်းရဲ့ ပုဂ္ဂလိကထွက်ပေါက်အတွက် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းဝင်အားလုံးရဲ့ အများ ဆိုင် ဘုံအကျိုးနဲ့ စစ်မှန်တဲ့ ထွက်ပေါက်ရဖို့ အတွက် အဲဒီ လူ့အဖွဲ့အစည်းကို ဆန့်ကျင်ဖို့ အားထုတ်ကြတာဖြစ်ပါတယ်။

၄။အကျဉ်းထောင်ဆိုတာဟာ တိုက်ရိုက်ကျတဲ့ ၊ ဗြောင်ကျတဲ့ ၊

ဖိနှိပ်မှုနဲ့ ညှဉ်းပန်းမှု၊ လုယက်မှုနဲ့ သွေးစုပ်ခေါင်းပုံဖြတ်မှုများ ရှိတဲ့ လူ့အဖွဲ့အစည်းတစ်မျိုး ဖြစ်ပါတယ်။ လောကပါလတရား ၃ပါးကို အကြွင်းမဲ့လုံးဝဥဿုံ ဖျက်သိမ်းထားတဲ့ လူ့အဖွဲ့အစည်းတစ်မျိုး ဖြစ်ပါတယ်။ လူသားရဲ့ လူ့အဖြစ်ကို လျှော့ချ ဖျက်သိမ်းထားတဲ့ လူ့အဖွဲ့အစည်းတစ်မျိုး ဖြစ်ပါတယ်။ (Dehumanised Society) လူယဉ်များ နဲ့ အဓမ္မဖွဲ့စည်းထားတဲ့ လူရိုင်းလူမှုအဖွဲ့အစည်း (Savage Society) တစ်မျိုးဖြစ်ပါတယ်။

၅။အကျဉ်းထောင်ဆိုတာဟာ အကျဉ်းသားများ အပေါ် ဖိနှိပ်မှု၊ သတ်ဖြတ်ညှဉ်းပန်းမှု၊ လုယက်မှု၊ သွေးစုပ်မှုများ ပြုလုပ်ဖို့ အမြဲအဆင်သင့်ဖြစ်နေတဲ့ လူ့အဖွဲ့အစည်း၊ အမြဲတမ်း ရန်လိုနေတဲ့ လူ့အဖွဲ့အစည်း တစ်မျိုးဖြစ်ပါတယ်။

၆။အကျဉ်းထောင်ဆိုတာဟာ အဟန့်အတား၊ အကန့်အသတ်၊ အပိတ်အဆို့၊ အကွပ်အညှပ်၊ အချုပ်အချယ်အလွန်များ ပြားတဲ့ လူ့အဖွဲ့အစည်းတစ်မျိုး ဖြစ်ပါတယ်။

၇။အကျဉ်းထောင်ဆိုတာဟာ ယေဘုယျ ပင်မလူ့အဖွဲ့အစည်းကြီး အ တွ င်း မှာ ဖြစ်ပေါ်တည်ရှိနေတဲ့ လူတန်းစားရန်ဘက်ဖြစ်မှုများ ၊ အတိုက်ခံဖြစ်မှုများ ၊ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပဋ္ဌိပက္ခများ ရဲ့ အဆက်နဲ့ အကျိုးသက်ရောက်မှုများကို ထင်ဟပ်ကိုယ်စားပြုထားတဲ့ လူ့အဖွဲ့အစည်းမျိုး ဖြစ်ပါတယ်။

ဒီတော့ အကျဉ်းထောင်စနစ်ဆိုတာဟာ ဖော်ပြခဲ့တဲ့ အကျဉ်းထောင်ဆိုတာရဲ့ အနှစ်သာရများ သက်ဝင်စုစည်းလှုပ်ရှားမှုပြုနေတဲ့ ဖိနှိပ်မှုစနစ်တစ်မျိုးပဲ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံ တစ်မျိုးမဟုတ်တစ်မျိုးနဲ့

အုပ်ချုပ်နေကြတဲ့ ခေတ်သစ်လူ့အဖွဲ့အစည်းတိုင်းက သူတို့ကျင့်သုံးနေကြတဲ့ အကျဉ်းထောင်စနစ်များ နဲ့ ပတ်သက်လို့ လူအများနားလည်လက်ခံအောင် ဖွင့်ဆိုချက်အမျိုးမျိုး ပေးလေ့ရှိကြပါတယ်။ ဒါပေမယ့် ဘယ်လိုဖွင့်ဆိုချက်မျိုးပဲ ပေးကြပေးကြ၊ အကျဉ်းထောင်ဆိုတာဟာ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကို စီမံခန့်ခွဲခွင့်ရနေတဲ့ လူ့အစုအဝေးတစ်စုက အဲဒီ အခွင့်အရေးမျိုးမဲ့နေတဲ့ တခြား လူ့အစုအဝေးတစ်ခုကို ချိုးနှိမ်ဖိနှိပ်ထားဖို့ ကြံရွယ်ထားကြတာမျိုးချည်းပါပဲ။ အကျဉ်းထောင်ဆိုတာရဲ့ ဖိနှိပ်မှုကို ကြောက်တတ်သွားအောင် မလှန်နိုင်အောင်၊ မလှန်ရဲအောင်၊ ဦးချိုးဖို့ ကြံရွယ်ထားကြတာချည်းပဲဖြစ်ပါတယ်။ အကျဉ်းထောင်နဲ့ ပတ်သတ်တဲ့ ရှေ့မှုန်ကြဲထားတဲ့ ဖော်ထုတ်ချက်မှန်သမျှဟာ အခြေခံအားဖြင့် ရိုင်းစိုင်းရက်စက်တဲ့ အကြမ်းဖက်ဖိနှိပ်မှုဆိုတဲ့ အနှစ်သာရကို ဖုံးကွယ်ဖို့ ၊ မရိုးမဖြောင့်ကြံရွယ်ထားကြချည်းပဲ ဖြစ်ပါတယ်။ အချုပ်ပြောရရင် တရားမျှတတဲ့ အကျဉ်းထောင်စနစ်ဆိုတာ ဒီကနေ့အထိတော့ ကမ္ဘာ ပေါ်မှာ ဘယ်လူ့အဖွဲ့အစည်းမျိုးမှာ မှ မတည်ရှိသေးပါဘူး။ အကျဉ်းထောင်စနစ်ရှိနေသမျှကာလပတ်လုံး တရားမျှတတဲ့ အကျဉ်းထောင်စနစ်ဆိုတာလည်း မပေါ်နိုင်ပါဘူး။ ကမ္ဘာပေါ်မှာ ရှိတဲ့ အကျဉ်းထောင်စနစ်မှန်သမျှဟာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ဖိနှိပ်ကွပ်ညှပ်ဖို့ ကြံရွယ်ထားကြတာချည်းပါပဲ။

၁။စီးပွားရေးအရ သွေးစုပ်မှုမရှိတဲ့

၂။နိုင်ငံရေးအရ ဖိနှိပ်မှုမရှိတဲ့

၃။လူမျိုးရေးအရ ဖိနှိပ်မှုမရှိတဲ့

လူ့အဖွဲ့အစည်းမျိုး တစ်နည်းနည်းနဲ့ ကန့်သတ်မထားတဲ့

တကယ့်စစ်မှန်တဲ့ လောကပါလတရားများ ဟာ လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာ အများကျင့်သုံးတဲ့ အကျင့်ဓလေ့အဖြစ် ဖြစ်တည်ခိုင်မြဲနေတဲ့ လူ့အဖွဲ့အစည်းမျိုး ဖြစ်ထွန်းလာတဲ့ အခါမျိုးမှာ အကျဉ်းထောင် စနစ်ဆိုတာ ပပျောက်ကောင်း ပပျောက်သွားစရာ ရှိပါတယ်။ ဒီလိုအခြေအနေမျိုး ဖြစ်ထွန်းမလာသေးသမျှ ခေတ်သစ်လူ့အဖွဲ့အစည်းများ ဟာ အကျဉ်းထောင်ဆိုတာကို သက်ဆိုင်ရာလူ့အဖွဲ့အစည်းရဲ့ အဖက်အစပ်တစ်ခု အဖြစ်ဖွဲ့စည်းတည်ရှိစေကြဦးမှာ ပဲ ဖြစ်ပါတယ်။ အကျဉ်းထောင်က လွတ်မြောက်လာတဲ့ ထင်ရှားပြီးလူသိများ တဲ့ မြန်မာနိုင်ငံ စာပေအသိုင်းအဝိုင်းက ပုဂ္ဂိုလ်ကြီးတစ်ဦးနဲ့ နိုဘယ်ဆုရှင်အမျိုးသမီးတစ်ဦးတို့ တွေ့ဆုံကြတဲ့ တွေ့ဆုံပွဲမှာ ထောင်ဆိုတဲ့ ဝေါဟာရကို ဖျက်သိမ်းပစ်သင့်ပါတယ်လို့ သူ့ရဲ့ ခါးသီးတဲ့ ခံစားချက်ကို ဖော်ထုတ်ဖွင့်အံပါတယ်။ ဒီအခါမှာ နိုဘယ်ဆုရှင်ကတော့ ထောင်ကတော့ ရှိဦးမှ ပဲ ဖြစ်မှာ ပါလို့ တုံ့ပြန်ဖော်ထုတ်ခဲ့ပါတယ်။ ဒီတော့ အကျဉ်းထောင်စနစ်ဆိုတာဟာ လူယဉ်ခတ် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုနဲ့ အတူ တွဲဖက်ဖြစ်ပေါ်လာတဲ့ လူ့သမိုင်းရဲ့ ထုတ်ကုန်တစ်ခုဖြစ်တာ အမှန်ပါပဲ။ ဒီတော့ အကျဉ်းထောင်စနစ်ဆိုတာဟာ ခေတ်သစ်လူ့အဖွဲ့အစည်းများ တ ည် ရှိ ရေး မှာ မပါမဖြစ် မရှိမဖြစ်တဲ့ အကြောင်းအချက် အဖက်အစပ်တစ်ခုအဖြစ် အမြဲရှိဖို့ လိုအပ်နေပါသလား။ အကြမ်းဖက်မှု၊ ဖိနှိပ်သတ်ဖြတ်မှု၊ လုယက်သွေးစုပ်မှုတွေကို မဖျက်သိမ်းနိုင်သေးသမျှ လူ့အ ဖွဲ့ အ စည်း အ တွင်း မှာ လောကပါလတရားများ ရှင်သန်လွှမ်းမိုးဖွံ့ဖြိုးဖို့ အလွန်ကို ခက်ခဲတာကတော့ သေချာသလောက်ပါပဲ။

လူသားတစ်ဦးရဲ့ ပုဂ္ဂလိကဘဝလုံခြုံမှု၊ ဥစ္စာဓနလုံခြုံမှု၊

လူအချင်းချင်းဆက်ဆံရေးဆိုင်ရာ လုံခြုံမှုများကို တည်ဆဲဥပဒေတစ်စုံတစ်ရာနဲ့ အမှန်တကယ် အကာအကွယ်ပေးနိုင်ခဲ့ရင် လူအဖွဲ့အစည်းရဲ့ တည်ငြိမ်မှုနဲ့ လုံခြုံမှုအခြေအနေများ ဖြစ်ထွန်းလာစရာ ရှိနိုင်ပါတယ်။ ဥပဒေတစ်စုံတစ်ရာ တည်ရှိမှုဟာ လူအဖွဲ့အစည်းအတွင်းမှာ လူအဖွဲ့အစည်းဝင် အားလုံးရဲ့ တည်ငြိမ်တိုးတက်မှုကို မျှော်လင့်ကြည့်နိုင်ပါတယ်။ လူအဖွဲ့အစည်းက သူ့လူအဖွဲ့အစည်းဝင်များ ရဲ့ ဘဝတည်ရှိမှုနဲ့ ဖြစ်ထွန်းတိုးတက်မှုကို အာမခံချက်ပေးဖို့ ပျက်ကွက်ခဲ့ရင် လူအဖွဲ့အစည်းဝင်များကလည်း အဲ့ဒီ လူအဖွဲ့အစည်းရဲ့ တည်တံ့မှုနဲ့ တည်ငြိမ်မှု၊ ဖြစ်ထွန်းတိုးတက်မှုကို မုချဘဲ ဆန့်ကျင်၊ ခုခံ၊ တားဆီး၊ ဖြိုဖျက်လာကြပါလိမ့်မယ်။ အဲဒီ အခါမှာ တော့ အကျဉ်းထောင်စနစ် တစ်မျိုးမျိုးကလည်း သူထမ်းဆောင်ရမယ့် တာဝန်ကို သဘာဝ အတိုင်းပဲ ထမ်းဆောင်လာဦးမှာ ဖြစ်ပါတယ်။

၁။တစ်ဦးချင်းနဲ့ လူအဖွဲ့အစည်းဆက်ဆံရေး

၂။လူလူချင်း ဆက်ဆံရေးအဆင့်အတန်း အနိမ့်အမြင့်

တို့ ဟာ လူအဖွဲ့အစည်းတစ်ခုရဲ့ ရှေ့တိုးနောက်ဆုတ်ကို ဆုံးဖြတ်နေတဲ့ အကြောင်းတရားဖြစ်ပါတယ်။ လူအဖွဲ့အစည်းအတွင်းရှိ အုပ်ချုပ်ရေးယန္တရားတို့ ရဲ့ ဘက်လိုက်မှုကို အဆုံးအဖြတ်ပြုတဲ့ အကြောင်းတရားလည်း ဖြစ်ပါတယ်။ တရားဥပဒေဟာ လူလူချင်း ဆက်ဆံရေးရဲ့ တန်းတူမှုကို ကိုယ်စားပြုထားတဲ့ အကာအကွယ်ပေးတဲ့ အကြောင်းအချက် အမှန်တကယ် ဖြစ်မလာသေးသမျှတော့ နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားအမျိုးမျိုးရဲ့ ဘက်လိုက်တဲ့ စီမံခန့်ခွဲမှုကို

လူအဖွဲ့အစည်းအနေနဲ့ ရှောင်ကြဉ်ဖို့ ခက်ခဲနေမှာ ပဲ ဖြစ်ပါတယ်။



***